စမ်းချောင်းကျေးရွာ

ရေဆိုင်ကျေးရွာအုပ်စု၊ လပွတ္တာမြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လပွတ္တာမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဩဂုတ်လ ၊ ၂၀၁၈ ခုနှစ်

## မာတိကာ


မာတိကာ

စမ်းချောင်းကျေးရွာ သယံဇာတပြမြေပုံ

စမ်းချောင်းကျေးရွာ ရာသီခွင်ပြမြေပုံ

စမ်းချောင်းကျေးရွာ အဖွဲ့အစည်းပြမြေပုံ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င ) ပညာရေး

(စ ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား


– ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီအမည်အရင်း

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ


# စမ်းချောင်းကျေးရွာ သယံဇာတပြ မြေပုံ



# စမ်းချောင်းကျေးရွာ ရာသီခွင် ပြ မြေပုံ



# စမ်းချောင်း ကျေးရွာ အဖွဲ့အစည်းပြ မြေပုံ



## ၁။ တည်နေရာနှင့် ပထဝီအနေအထား

စမ်းချောင်းကျေးရွာသည် လပွတ္တာမြို့နယ်၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၏ ရေဆိုင်ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ဂန့်ဂေါ်ကုန်း ကျေး ရွာ၊ ကျေးရွာ ၏ အနောက်ဘက်တွင် ရေဆိုင်ကျေးရွာရှိပြီး၊ ကျေးရွာ၏ မြောက်ဘက်တွင် ပင်လယ်လေးမြစ်ရှိပြီး တဖက်တွင် ကျောက်ဖျာလေးကျေးရွာရှိပါသည်။ စမ်းချောင်းကျေး ရွာသည် လပွတ္တာ-မြောင်းမြ အဝေးပြေးလမ်းမကြီးဘေး မိုင်တိုင်အမှတ်(၁၈)မှ ကျေးရွာအ ဝင်လမ်း (၁)မိုင် (၂) ဖာလုံခန့်တွင် တည်ရှိပြီး အဆိုပါလမ်းမှ ရွာဝင်လမ်းသည် ကျေးရွာ၏ အရှေ့တောင်ဘက်တွင်တည်ရှိပါသည်။ ကျေးရွာတွင် တောင်ကုန်းပေါ်မှာ တည်ရှိပြီး ကရင်၊ ဗမာလူမျိုးများ နေထိုင်ကြပြီး ကရင်လူမျိုး အများစုနေထိုင်ကြပြီး ဗမာ လူမျိုးမှာ လူနည်းစု ရှိပါသည်။ ကျေးရွာတွင် တောင်ပေါ်တွင်တည်ရှိပြီး ပင်လယ်လေးမြစ်နှင့် (၄)ဖာလုံခန့် ဝေးပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာသည် လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေဆီအသင့်အတင့် ကောင်း မွန်သည်။ မိုးရေကိုအဓိကထားပြီးစိုက်ပျိုးသော စိုက်ပျိုးမြေကေ (၁၀၉)ခန့်ရှိပြီး မိုးစပါးကို သာ စိုက်ပျိုးကြပါသည်။ နွေရာသီတွင် ဆာငန်ရေ ဝင်ရောက်ပြီး နွေစပါးစိုက်ပျိုး၍ မရပါ။ ဥယျာဉ်ခြံမြေများတွင် သစ်၊ ဝါး၊ ဓနိများခုတ်ယူရောင်းချကြပါသည်။ ကျေးရွာတွင် အသက် မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြ ပါသည်။ ကျေးရွာတွင် စာကျက်မြေသီးသန့်မရှိပါ။ ဆေးဘက်ဝင်အပင်များမှာ အနည်းငယ် သာတွေ့ရှိသည်။

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ဖြစ်ပြီးနှစ်စဉ်ပျှမ်းမျှ နေပူချိန်(၃၂.C) ဖြစ်ပါသည်။ ကျေးရွာတွင် ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် နေပူရှိန် ပူပြင်း၍ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ များတွင် မိုးများသောကြောင့် ရေကြီးလေ့ရှိပါသည်။ ရေကြီးသောကြောင့် ကျေးရွာရှိ တောင် သူလယ်သမား တစ်ချို့မှာ သီးနှံစိုက်ခင်းများ ပျက်စီးလေ့ ရှိပါသည် တစ်ချို့သော တောင်သူ များမှာ တစ်ပိုင် တစ်နိုင် ရာသီပေါ်သီးနှံများ စိုက်ပျိုးကြသော ဥယျာဉ် ခြံမြေများ ပိုင်ဆိုင် ကြပါသည်။

## ၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

စမ်းချောင်းကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်း ကိစ္စများတွင် ဝိုင်းဝန်ဆောင်ရွက်ကြပါသည်။ အမျိုးသမီး/ သား လူငယ်အဖွဲ့၊ ချက်ပြုတ် ရေးအဖွဲ့၊ ဘုန်းတော်ကြီး ကျောင်းဂေါပကအဖွဲ့၊ ကျေးရွာအရံမီးသတ် အဖွဲ့တို့ ဖြစ်သည်။ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအဖွဲ့သည် ဆောင်ရွက်မှု အားနည်း ကြောင်းတွေ့ရပါသည်။ ကျေးရွာလူငယ်မီး သတ်အဖွဲ့သည် နွေရာသီ မီးဘေးကြိုတင်ကာ ကွယ်ရေးအတွက် ဆောင်ရွက်ပါသည်။ ကျေးရွာ တွင် သာရေးနာရေးလူမှုရေးကိစ္စကြီး ငယ်ပေါ်ပေါက်လျင် ရွာသားများစည်းလုံးညီညွတ်စွာ ဝိုင်းဝန် ဆောင်ရွက်သော အလေ့အကျင့်ကောင်းများ ရှိပါ သည်။ ပြင်ပမှ အသေးစားချေးငွေအဖွဲ့များနှင့် အစိုးရ မဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော ကျေးရွာအဖွဲ့ အချို့ ရှိသော်လည်း သက်ဆိုင်ရာစီမံ ချက်လုပ်ငန်း အကောင်အထည်ဖော်ရုံ သဘောမျှသာ ဖွဲ့စည်းထားသည့် ပုံစံဖြစ်ပါသည်။ ခြုံငုံ၍သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများ ဆောင်ရွက်ရန် မိရိုးဖလာ ဖွဲ့စည်းထားသော အဖွဲ့အစည်းများက အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်း ချ၍ ရေရှည်ဆောင် ရွက်နိုင်မည့် အဖွဲ့အစည်းစနစ်မရှိပါ။

### (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာတွင် ၂.၅ ဧအောက် ဆင်းရဲသားတောင်သူ (၁၂) အိမ်ထောင်စု၊ ၂.၅ ဧမှ ၅ ဧကြား တောင်သူငယ် (၇) အိမ်ထောင်စု၊ ၅ ဧမှ ၁၂.၅ ဧကြား တောင်သူ လတ် (၆) အိမ်ထောင်စု၊ ၁၂.၅ ဧ အထက် တောင်သူကြီး (၆) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးနှင့် ဥယျာဉ်ခြံသီးနှံများကို အားထားစိုက်ပျိုးကြ ပါသည်။ မြေယာမဲ့ အိမ်ထောင်စု(၄၅) ရှိကြပါသည် စုစုပေါင်း အိမ်ထောင်စုထက် (၅၉.၂၁%)ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက် လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စပါး အထွက်နှုန်းမှာ တစ်ဧ ပျမ်းမျှ (၃၅) တင်းသာ ရှိပါသည်။ ဥယျာဉ်ခြံလုပ်ငန်းမှာ ဧ (၁၂၉)ရှိပြီး ဝါးပင် အများစုစိုက်ပျိုးကြပါသည်။သီးနှံအထွက်တိုးစေရန် သဘာဝ မြေဆွေး၊ အော်ဂဲနစ် မြေသြဇာ နှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒ သွင်းအား စုများ၊

သီးနှံမျိုးစေ့များ ကိုလည်း မြို့နှင့်အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင် ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစား များမှတဆင့် ရောင်းချနိုင်ကြပါသည်။

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၆) အိမ်ရှိပြီး နွားကောင်ရေ (၁၆) ကောင်၊ ၊ အိမ်ထောင်စု (၁) အိမ်မှ ဆိတ် (၄) ကောင်၊ အိမ်ထောင်စု (၃၂) အိမ်မှ ဝက် (၇၄) ကောင်၊ အိမ်ထောင်စု (၄၈) အိမ်မှ ကြက် (၅၅၆) ကောင်၊ အိမ်ထောင်စု (၁၁) အိမ်မှ ဘဲ (၅၇) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးခြင်း ဖြစ်ပြီး အဓိကစိုက်ပျိုး သီးနှံမှာ စပါး ဖြစ်ပါသည်။ စိုက်ကေအများစုမှာ မိုးရေကိုသာ အဓိက အသုံးပြုစိုက်ပျိုးကြ၍ နွေရာသီတွင် ဆားငန်ရည်ဝင်ရောက်ခြင်းကြောင့် စိုက်ပျိုးလို့မရနိုင်ပါ။ နှစ်စဉ် ကျေးရွာမှ မိုးစပါး တစ်ကေ ပျှမ်းမျှတင်း(၃၅) ထွက်ရှိပါသည်။

ကျေးရွာရှိအမျိုးသမီးအများစုသည် အခြားဝင်ငွေရလုပ်ငန်းအနေဖြင့် တစ်ပိုင် တစ်နိုင် ကြက်၊ ဝက်၊ ဘဲများ မွေးမြူကြပါသည်။ တစ်ချို့သောအမျိုးသမီးများသည် ခေါင်းရွက် ဗျက်ထိုး ဈေးရောင်းခြင်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်ခြင်းနှင့် ကုန်စုံရောင်း သောလုပ်ငန်း များလည်း လုပ်ကိုင်ကြပါသည်။ တစ်ချို့သော အိမ်ထောင်စုများမှာ ရန်ကုန် မြို့၊ မန္တ လေးမြို့ကြီးများသို့ ရွှေ့ပြောင်း သွား ရောက်လုပ်ကိုင် နေသူများ လည်းရှိကြပါသည်။

**(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင် နေသည့် အိမ်ထောင်စု အနည်းငယ်ရှိ ပါသည်။ ကျေးရွာတွင် စက်ဘီး ( ၆) စီး၊ မော်တော် ဆိုင်ကယ် (၂၉ ) စီး၊ သုံးဘီးဆိုင်ကယ် (၁ ) စီး၊ ထော်လာဂျီ (၂ ) စီး၊ ကား ( ၁) စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာတွင် မြေသားလမ်းဖြစ်ပြီး လပွတ္တာ-မြောင်းမြ အဝေးပြေးလမ်းမကြီး ဆက်သွယ်သော ရွာအဝင်လမ်းဖြစ်ပြီး လမ်းအရှည်မှာ(၂၄၆၂)ပေရှည်ပြီး လမ်းအကျယ်မှာ (၁၂)ပေကျယ် ပါသည်။ မြေသားလမ်းများမှာ မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရအဆင်မပြေမှုများ ရှိနေပါသည်။ ကျောင်းသားကျောင်းသူများ အနေဖြင့် လမ်းတွင် ဗွက်များ၊ ချိုင့်များ ဖြစ်နေသောကြောင့် ကျောင်းသွား ကျောင်းပြန် အခက်အခဲများ ရှိပါသည်။ ထို့အပြင် မိုးတွင်းကာလ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် ကျန်းမာရေးဆိုင်ရာ

အရေးပေါ် အခြေအနေ ဖြစ်ပေါ်လာပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။ မိုးတွင်းကာလ လမ်းပန်းဆက် သွယ်ရေး ခက်ခဲသောကြောင့် ကျေးရွာရှိ ကျေးရွာသူ/သားများ ခြံထွက်သီးနှံများ ကူး သန်း ရောင်းဝယ်မှုပြုလုပ်ရန် အခက်အခဲများရှိပါသည်။

ကျေးရွာရှိ မြေသာလမ်းကို ကွန်ကရစ်လမ်းအဖြစ်ခင်းပေးရန် ကျေးရွာသားများက လိုလား နေကြပါသည်။ ရေလမ်းခရီး အသုံးပြုမှုနည်းပါးသဖြင့် ကုန်းလမ်းဆက်သွယ်ရေး အတွက် မော်တော်ဆိုင် ကယ်၊ စက်ဘီး ၊ထော်လာဂျီ နှင့် ကား တို့ကို အသုံးပြုလျက် ရှိကြသည်။

ကျေးရွာရှိ ကျောင်းသားအင်အားနှင် ဆရာ/ဆရာမ ဝန်ထမ်းမှာ လောက်လုံမှု ရှိပါသည်။ သို့သော် ကျောင်းရှိ စာရေးခုံနှင့် ထိုင်ခုံများမှာ လုံလောက်မှုမရှိပါ။ အဆိုပါခုံ များနှင့် ကျောင်းသုံးပရိဘောဂများ လုံလောက်စွာ ဖြည့်သွင်းပေးမည်ဆိုပါလျှင် ကျောင်း သားများအတွက် နေရေးထိုင်းရေးအတွက် သက်တောက်သက်သာ ပညာသင်ကြား နိုင်ပါမည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

မွေးမြူရေးလုပ်ငန်းများနှင့်စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင် နေကြ သော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင် လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်းရှိ ငွေ ချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုး နှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာ ရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြား ကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင် စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးငွေပမာဏသည် ကျပ်တစ် သိန်းမှ လေးသိန်းထိရှိကြကြောင်း တွေ့ရသည်။

ငွေကြေးရေး ဝန်ဆောင်မှုအနေဖြင့် မွေးမြူရေးသမားများအတွက် လိုအပ်သော ချေး ငွေကို သ/မအသင်းမှ အရင်းငွေ(၁၀၀)ကျပ်ပေါ်လျှက် အတိုးနှုန်း(၁.၅)ကျပ်နှုန်းဖြင့် (၆)လကာလသတ်မှတ် ၍ ငွေထုတ်ချေးပါသည်။ ပုဂ္ဂလိကငွေစုငွေချေးအဖွဲ့အစည်းအနေဖြင့် (Pact Myanmar) အဖွဲ့

အစည်းမှ အရင်းငွေ(၁၀၀)ကျပ်ပေါ်လျှက် အတိုးနှုန်း(၂.၅) ကျပ်နှုန်း ဖြင့်ထုတ်ချေးပါသည်။ Save The Children အဖွဲ့အစည်းမှ ကလေးများအား ပစ္စည်း များထောက်ပံ့ပေးပါသည်။

**(င) ပညာရေး**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိပါသည်။ မူလတန်း ကျောင်းသား/သူပေါင်း (၄၈)ယောက်၊ အလယ်တန်းကျောင်းသား/သူပေါင်း (၂၁)ယောက်၊ အထက်တန်းကျောင်းသား/သူပေါင်း (၁၄)ယောက်နှင့် ဘွဲ့ရ(၃)ယောက်ရှိပါသည်။ ကျေးရွာ တွင် မူလတန်းကျောင်းရှိနေခြင်းကြောင့် ရွာထဲရှိပညာသင်ယူနေသော ကျောင်းသား/သူ များမှာ အလွန်အဆင်ပြေပါသည်။

**(စ) ကျန်းမာရေး**

ကျန်းမာရေးစောင့်ရှောက်မှု အသင့်အတင့်ရရှိသော်လည်း (၁)မိုင်ခန့် ဝေးကွာသော ဂန့်ဂေါ်ကုန်းကျေးရွာ ဆေးပေးခန်းသို့ သွားရောက်ကုသရပါသည်။ ကျေးရွာရှိ ကျန်းမာရေးအဖွဲ့ စေတနာဝန်ထမ်းများရှိသဖြင့် ကျေးရွာ သားများအနေဖြင့်ကျန်းမာရေး အသိပညာ ဗဟုသုတများ အနည်းငယ်ရှိကြပါသည်။ ကျေးရွာတွင် သာမန်ဖျားနာခြင်း၊ နာစေးခြင်းစသည့် ဖျားနာမှုများမှာ အဖြစ်များလေ့ရှိသောကြောင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်ရာမရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာအတွင်းရှိ ၂လမှ ၁၈လအထိ ကလေးများအား ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမသည် လစဉ်ကာ ကွယ်ဆေးလာ ရောက်ထိုးနှံပေးခြင်း ကိုယ်ဝန်ဆောင် မိခင်များအား မေးခိုင်ကာကွယ် ဆေးနှင့် ညွှန့်ကြားချက် အတိုင်း အချိန် မှန်ထိုးနှံပေး ပါသည်။

ကျေးရွာ၏ ကျန်းမာရေးအခြေအနေမှာ တခါတရံ ရာသီဥတုအပြောင်းအလဲကြောင့် ရာသီဖျားနာခြင်းများ ဖြစ်လေ့ရှိပါသည်။ ကျေးရွာရှိကလေးသူငယ်များကို ကျန်းမာရေးဌာနမှတာဝန်ရှိဆရာမများက အသက်အလိုက် သက်ဆိုင်ရာကာကွယ်ဆေးများ ထိုးပေး ပါသည်။ တခါတရံ မိုးရာသီတွင် သွေးလွန်တုတ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော ရောဂါများကို နီးစပ်ရာ ဆေးရုံ၊ ဆေးပေးခန်း များသို့ သွားရောက်၍ ဆေးကုသမှု ခံယူရ ပါသည်။ ကျေးရွာရှိကလေးများမှာ အာဟာရချို့တဲ့မှုမရှိပါ။ အများစုမှာ ကျန်းမာသန် စွမ်းကြ ပါသည်။ ကျေးရွာရှိ ကုန်စုံဆိုင်များတွင် ခေါင်းကိုက်၊ ဖျားနာခြင်းများအတွက် အကိုက် အခဲပျောက် ဆေးများ အလွယ်တကူရရှိနိုင်ပါသည်။

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာတွင် နှစ်စဉ်မိုးများသောကြောင့် ရေကြီးနှစ်မြုပ်မှုများ ဖြစ်ပေါ်ပါသည်။ ရေလွှမ်းမိုးသဖြင့် ကျေးရွာရှိ လယ်မြေသီးနှံပင်များ ပျက်စီးဆုံးရှုံးမှုများ ရှိပါသည်။ တခါတရံ လေပြင်းတိုက်ခတ်မှုများ ရှိပါသည်။ ကျေးရွာရှိ တောင်သူများသည် စိုက်ပျိုးမြေများကို ပိုးသတ်ဆေး၊ ဓါတ်မြေဩဇာများ အလွန်အကျွံ သုံးစွဲခြင်းကြောင့် လယ်ယာမြေများမှာ မြေဆီလွှာများပျက်စီးရပါသည်။ ကျေးရွာသူ/သားများသည် ဘူးခွံ၊ အိတ်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်တတ်သောအလေ့အထမရှိသောကြောင့် သဘာဝပတ်ဝန်းကျင် ညစ်နွမ်း ရခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာ ပေးလုပ်ငန်း များ ပြုလုပ်ပေးခြင်းကြောင့် ကျေးရွာရှိပြည်သူလူထုသည် အသိပညာဗဟုသုတများ ပြီးပြည့်စုံပြီး ဖွံ့ဖြိုး တိုးတက်သော ကျေးရွာတစ်ရွာ ဖြစ်လာမည် ဖြစ်ပါသည်။

စမ်းချောင်းကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင် စုများနှင့် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိ သဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

စမ်းချောင်းကျေးရွာ၏ အနီးပတ်ဝန်ကျင်တွင် တစ်ခါတစ်ရံ တောမီးများရှိ့သဖြင့် သစ်တောပြုန်းတီးခြင်း အနည်းငယ်ရှိပါသည်။ မိုးရာသီတွင် ၄က်ဖျားရောဂါ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ တီဗီရောဂါ ဖြစ်ပွားသည့် လူနာအနည်းငယ်သာ ရှိပါသည်။ တိရိစ္ဆာန်ရောဂါများ သည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာရောဂါနှင့် ကြက်၊ ဝက် တုပ်ကွေး ရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

**(ဇ) ကျား – မ ရေးရာ**

ကျေးရွာတွင် ကျား/မ ရေးရာနှင့် ပက်သက်၍ တန်းတူအခွင့်အရေးရှိပါသည်။ ကျေးရွာတွင် ကျား/မ လုပ်အားခနှုန်းများမှာ ညီမျှမှုမရှိပါ အလုပ်တွင်အားစိုက်မှုနှုန်းပို၍ အားစိုက်ရ၍ ယောကျ်ားလေးများမှာ လုပ်အားခပိုမိုရရှိပါသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်းများလုပ်ကိုင်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြသည်။ ပုတ်ပြတ် လုပ်အားများတွင် တန်းတူအခွင့်အရေးရှိပါသည်။ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုး

သမီးများသည် အတွေ့ အကြုံနည်းပါ၍ ပါဝင်မှုနည်းပါပြီး အမျိုးသားများစုကသာ ဦးဆောင်ဦးရွက် အုပ်ချုပ်ကြပါ သည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာ ပူးပေါင်းပါဝင် ကြပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေး သုံးစွဲမှု နှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများ မရှိပါ။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေး ထိ ကျား/မတန်းတူအခွင့်အရေး ရှိပါသည်။

**၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ရွာအဝင်လမ်းအဆင့်မြှင့်တင်ရေးစီမံချက် | ၁ |
| ၂ | အခြေခံအဆောက်အဦ | မူကြိုကျောင်းဆောက်လုပ်ရေးစီမံချက် | ၂ |
| ၃ | အခြေခံအဆောက်အဦ | မြေသားရေကန်ရရှိရေးစီမံချက် | ၃ |
| ၄ | လျှပ်စစ် | လျှပ်စစ်မီးရရှိရေးစီမံချက် | ၄ |
| ၅ | အခြေခံအဆောက်အဦ | ဆေးပေးခန်း | ၅ |

**ဖွံ့ဖြိုးရေးဗျူဟာ ဇယား**

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| **ကဏ္ဍ – အခြေခံအဆောက်အဦ** | | | | | |
| • မိုးရာသီတွင် ကျေးရွာအဝင်လမ်းသွားလာ ရန် ခက်ခဲခြင်း | • မြေသာလမ်းဖြစ်၍ မိုးရာသီတွင်ရွှံ့ဗွက်ထူခြင်းကြောင့် | • ကျေးရွာထည့်ဝင်ငွေ ပါဝင်နိုင်ခြင်း<br>• ကျေးရွာမှ လုပ်အား ဒနကူညီပေးနိုင် ခြင်း၊<br>• လမ်းခင်းရန် ကုန်ကြမ်းပစ္စည်း ဝယ်ယူရန် နီးခြင်း | • ကျေးရွာမှ ငွေကြေး အလုံအလောက်မတတ်နိုင်ခြင်း၊<br>• သက်ဆိုင်ရာဌာနမျ ားနှင့် ချိတ်ဆက်မှုအားနည်းခြင်း | • ရွာဝင်လမ်း အဆင့်မြှင့်တင်ရေး စီမံချက် ရေးဆွဲဆောင်ရွက်ခြင်း၊ ပြင်ပအကူအညီရှာဖွေခြင်း၊<br>• ကျေးရွာမှ ငွေအားစုဆောင်းခြင်း<br>• သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်တောင်းခံခြင်း | • ကျေးရွာဝင်လမ်း အဆင့်မြှင့်တင်ရေး စီမံချက် |

| | | | | | |
|---|---|---|---|---|---|
| **ကဏ္ဍ ပညာရေး** | | | | | |
| • ကျောင်းအဆောက်အဦမလုံလောက်<br>• တတ်မြောက်မှုအရည်အသွေးသာမန်သာဖြစ် | • ကျောင်းသားဦးရေတိုးလာခြင်း။<br>• ကျောင်းအဆောက်အဦ ဟောင်းနွမ်းယိုယွင်းလာခြင်း။ | • မြေနေရာရှိခြင်း<br>• ငွေကြေးထည့်ဝင်နိုင်ခြင်း<br>• လုပ်အားပါဝင်နိုင်ခြင်း | • ကျေးရွာမှ ငွေကြေးအလုံအလောက်မတက်နိုင်ခြင်း၊ ကျေး ရွာမှ သက်ဆိုင်ရာဦးစီးဌာနသို့ ထိရောက်စွာတင်ပြမှု မရှိခြင်း | • ကျေးရွာတွင် ကော်မတီအဖွဲ့ ဖွဲ့စည်း၍ သက်ဆိုင်ရာ ဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | • မူကြိုကျောင်းရရှိရေးစီမံချက် |
| **ကဏ္ဍ - အခြေခံအဆောက်အဦ** | | | | | |
| • သောက်သုံးရေလုံလောက်စွာမရရှိနိုင်ခြင်း<br>• | • အခြားရေအရင်းအမြစ်(ဥပမာ–စိမ့်စမ်း၊ ဆည်၊ အဝီစိတွင်း စသည်)မရှိခြင်း | • မိုးရေလှောင်ကန်၊ အုတ်ရေလှောင်ကန်များတည်ဆောက်ရန် အတွက်မြေနေရာပေးနိုင်ခြင်း၊ မိုးများခြင်း၊ | • ကျေးရွာ၏ငွေအင်အားထည့်ဝင်လိုစိတ်ရှိော် လည်း စီးပွားရေး အခြေအနေအရငွေကြေးအခက်အခဲရှိခြင်း၊ | • အခြားအလှူရှင်များနှင့် သက်ဆိုင်ရာဌာနများအားချိတ်ဆက် ဆောင် ရွက် ခြင်း | –ကျေးရွာ၏သောက်သုံးရေ အားအချိန်ရာသီမရွေးသုံးစွဲနိုင်ခြင်း |

| **ကဏ္ဍ – အခြေခံအဆောက်အဦ** | | | | | |
|---|---|---|---|---|---|
| • ကျေးရွာ၏လူငယ်မ<br>ျား အသိပညာ<br>အားနည်းခြင်း၊<br>စာဖတ်အား<br>နည်းခြင်း | • ကျေးရွာသူ/သားများ<br>စာဖတ်ရန်စိတ်ဝင်စား<br>မှုမရှိခြင်း | ကျေးရွာမှလုပ်<br>အားနှင့်ငွေအင်အားအချို့<br>ထည့်ဝင် လိုစိတ် ရှိခြင်း၊<br>ဆောက်လုပ်ရန်<br>မြေနေရာရှိခြင် | • ကျေးရွာ၏ငွေအင်အားထ<br>ည့်ဝင်လိုစိတ်ရှိသော်လည်း<br>စီးပွား<br>ရေးအခြေအနေအရငွေ<br>ြေးအခက်အခဲရှိခြင်း၊<br>ကျေးရွာသူ/ သားများစာ<br>ဖတ်ခြင်း<br>အလေ့အထမရှိကြ ခြင်း | • အခြားအလှူရှင်များနှင့်သ<br>က်ဆိုင်ရာဌာနများအားချိ<br>တ်ဆက် ဆောင်ရွက်ခြင်း၊<br>ကျေးရွာသူ/သား များ<br>စာဖတ်နှုန်းမြင့်<br>မားလာအောင်စည်းရုံး<br>ဆောင်ရွက်ခြင်း၊ | – ကျေးရွာစာကြ<br>ည့်တိုက်ရှိ လျှင်<br>ကျေးရွာရှိလူ<br>ြီး၊<br>လူငယ်များစာ<br>ဖတ်ခြင်း ဖြင့်<br>အသိပညာဗဟု<br>သုတတိုးပွား၍<br>ပိုမိုကောင်းမွန်<br>သော<br>လူနေမှုဘဝအာ<br>းပိုင်ဆိုင်နိုင်<br>ခြင်း |

| **ကဏ္ဍ – လျှပ်စစ်** | | | | | |
|---|---|---|---|---|---|
| • **လျှပ်စစ်မီး မရရှိခြင်း** | • **ငွေကြေးမတတ်နိုင်ခြင်း** | • **ကျေးရွာ မှလုပ်အား၊ ငွေအား တက်အားသရွေ့ ကူညီနိုင်ခြင်း** | • | • **ကျေးရွာတွင် ကော်မတီ ဖွဲ့စည်း၍ သက်ဆိုင်ရာ ဌာနနှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း** | • **ကျေးရွာ မီးလင်းရေး စီမံချက်** |
| **ကဏ္ဍ – အခြေခံအဆောက်အဦ** | | | | | |
| • ကျေးလက်ဆေး ပေးခန်းမရှိခြင်း | • ကုသမှုခံယူရာတွင် လမ်းပန်းဆက်သွယ်မှု အခက်အခဲရှိခြင်း | • ကျေးရွာမှ လုပ်အားထည့်ဝင်နိုင်ခြင်း | • ကျေးရွာမှ ငွေကြေးအလုံအလောက် မတတ်နိုင်ခြင်း၊<br>• သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်မှု အားနည်းခြင်း | • သက်ဆိုင်ရာ ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း | • ကျေးလက် ဆေးပေးခန်း ရရှိရေး စီမံချက် |

# ရေဆိုင်ချောင်ကျေးရွာ၊ စမ်းချောင်းရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးစောအုန်းရွှေ | ဦးပြားနန်းကို | ၁၄/လပတ(နိုင်)၂၃၁၇၀၀ | ၄၀ | ဥက္ကဋ္ဌ | ၀၉-၇၉၆၀၉၉၇၂၁ |
| ၂ | ဒေါ်ဌေးဌေးလွင် | ဦးသန်းဌေ | ၁၄/မမန(နိုင်)၂၁၀၀၇၆ | ၄၀ | အတွင်းရေးမှူး | ၀၉-၇၈၈၈၀၂၉၅၅ |
| ၃ | ဦးမင်းဇော်ဦး | ဦးစောဝင်း | ၁၄/မမန(နိုင်)၂၁၀၀၆၂ | ၅၆ | ဘဏ္ဍာရေးမှူး | ၀၉-၄၂၀၉၃၁၂၇၀ |
| ၄ | ဒေါ်နော်မေထူး | ဦးကျော်လီ | ၁၄/ပစလ(နိုင်)၀၀၀၇၈၆ | ၄၅ | သော့ကိုင်(၁) | - |
| ၅ | ဒေါ်ဆန်းလွင် | ဦးယောဟန် | ၁၄/မမန(နိုင်)၁၇၅၇၄၆ | ၄၄ | သော့ကိုင်(၂) | - |
| ၆ | ဒေါ်ဒေလီရာလင်း | ဦးစောမြလင်း | ၁၄/ပစလ(နိုင်)၀၆၆၅၀၄ | ၂၄ | စာရင်းကိုင် | ၀၉-၇၈၃၈၃၃၀၅၆ |
| ၇ | ဦးစိုင်းဇော်မင်း | ဦးအောင်အေး | ၁၄/မမန(နိုင်)၂၁၀၀၆၈ | ၆၄ | အဖွဲ့ဝင် | ၀၉-၇၈၄၅၉၉၈၈၉ |

# ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ

## (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၅ | ၁၁ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၀ | ၆ | ၁၆ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၉ | ၂၀ | ၃၉ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၇ | ၁၈ | ၃၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၂၅ | ၁၀၉ | ၂၃၄ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၆ | ၈ | ၁၄ |
| **စုစုပေါင်း** | | **၁၈၃** | **၁၆၆** | **၃၄၉** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၇၆** | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။ရေဆိုင်အုပ်စု၊ စမ်းချောင်းကျေးရွာသည် လူဦးရေအလွန်များပြားသော ကျေးရွာတစ်ရွာမဟုတ်ပါ။ စမ်းချောင်းကျေးရွာသည် ကရင်တိုင်းရင်းသားအများစု နေထိုင်ပြီး ဗမာလူမျိုး ( ၄)ဦးသာ ရှိပါသည်။ အိမ်ထောင်စု (၇၆)စု ၊ လူဦးရေ (၃၄၉)ဦး ရှိပါသည်။ စမ်းချောင်း ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၃.၂၅၁%)၊ ၅နှစ်အောက် ကလေး ငယ် (၄.၅၈၄%)၊ မူလတန်းကျောင်းသာအရွယ် (၁၁.၁၇၄%)၊ အလယ်တန်း ကျောင်းသား အရွယ် (၁၀%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၆၇.၀၄%)၊ အလုပ်မလုပ်နိုင်သည့် သက်ကြီးရွယ်အို (၄.၀၁%) ရှိပါသည်။ ပျှမ်းမျှအားဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၂.၅၇၇%)ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား(၁၂၆)ဦး၊ မ (၁၁၂)ဦး ရှိပြီး တစ်ရွာလုံးလူဦး ရေ၏ (၆၇.၀၁%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ် နိုင်သော လူဦးရေများပြား သောကြောင့် ဝမ်းစာဖူလုံမှုရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။**

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၁၀၉ | သင့် | အနည်းအကျဉ်း | မိုးရေ |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | ၁၂၉ | သင့် | အနည်းအကျဉ်း | စိမ့်စမ်းအောက်ရေ/ မိုးရေ |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| **စုစုပေါင်း** | **၂၃၈** | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်**။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ စမ်းချောင်းကျေးရွာသည် လယ်မြေ ဧက (၁၀၉)ရှိပြီး မိုးစပါး တစ်သီးစားသာ စိုက်ပျိုးလို့ရပြီး ဥယျာဉ်ခြံမြေ (၁၂၉)ဧကရှိပါသည်။ လယ်ယာ စိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံ မြေ လုပ်ငန်းအများဆုံးလုပ်ကိုင်ခြင်းဖြင့် အဓိကဝင်ငွေ ရရှိသူများပြားပါသည်။ ခနီတောဧကမှာ (၂)ဧကရှိပါသည်။**

### (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဂအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | – | – |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | သင့် | လွယ် |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | သင့် | လွယ် |
| ပျှမ်းမျှအပူချိန် – | ပျှမ်းမျှ မိုးရေချိန် – | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ စမ်းချောင်းကျေးရွာမှ သဲ၊ ကျောက်များမရရှိနိုင်သာ ၎င်းကျေးရွာ၏ (၅)မိုင်အကွာတွင် ပြီး အလွယ်တကူ ဝယ်ယူရ ရှိနိုင် ပါသည်။**

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | မီးသတ်အဖွဲ့ | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ■ | လုံခြုံရေး၊ကာကွယ်ရေးလုပ်ငန်းများတွင်လုပ်ကိုင်ပါသည် |
| ၂ | ကျေးရွာကျန်းမာရေးကော်မတီအဖွဲ့ | ၁☐ ၂■ ၃☐ | ပညာရေး ■ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကျန်းမာရေးလုပ်ဆောင်မှုများ လုပ်ဆောင်ပေးသည် |
| ၃ | ကျောင်းကော်မတီ အဖွဲ့ | ၁☐ ၂☐ ၃■ | ပညာရေး ■ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ပညာရေးနှင့် ငွေကြေးလိုအပ်မှုများကို ကူညီပံ့ပိုးပေးသည်။ |
| ၄ | မိခင်နှင့် ကလေးစောင့် | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ■ဘာသာရေး ☐ | ကျန်းမာရေးလုပ်ဆောင်မှုများ လုပ်ဆောင်ပေးသည် |

| စဉ် | **အဖွဲ့အစည်းအမည်** | **အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **လုပ်ငန်းတာဝန်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | **အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|
| | ရှောက်ရေးအဖွဲ့ | | စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၅ | အမျိုးသမီးရေးရာအဖွဲ့ | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ■ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကျန်းမာရေးလုပ်ဆောင်မှုများ လုပ်ဆောင်ပေးသည် |
| ၆ | စမ်းရွှေဝါအဖွဲ့ | ၁■ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ■<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ငွေကြေးများ ထုတ်ချေးပေးသည် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ စမ်းချောင်းကျေးရွာသည် ပြင်ပအဖွဲ့အစည်းအားဖြင့် မွေးမြူရေးသမအဖွဲ့၊ Pact Myanmar ၊Save The Children အဖွဲ့အစည်းများ ရှိပါသည်။ ကျေးရွာတွင်အုပ်ချုပ်ရေးပိုင်းတွင်ပိုပြီးအားကောင်း၍ ကျေးရွာတွင်း အဖွဲ့အစည်းပေါင်း (၆)ဖွဲ့ရှိပြီး စည်းလုံးညီညွတ်၍ သာရေး နာရေးကိစ္စရပ်များတွင် ပူးပေါင်းပါဝင်မှု အားကောင်းပါသည်။**

## (၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၂ ဧက အထက် | ၅ ဧကမှ ၁၀ဧကအောက် | ၂.၅ ဧက အောက် | မြေယာမဲ့ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| အိမ်အခြေအနေ | တိုက်အိမ် | ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး | ပျဉ်ခင်း၊ ဓနိမိုး/ကာ | ဝါးအိမ်၊ ဓနိမိုး/ကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ | ဆိုင်ကယ်၊ ထော်လာဂျီ၊ | ဆိုင်ကယ် | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်၊ ဥယျာဉ် | ဥယျာဉ် | နေ့စားလုပ်သား | နေ့စားလုပ်သား |
| **အိမ်ထောင်စု** | ၇ | ၆ | ၂၂ | ၄၁ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။** ။ စမ်းချောင်းကျေးရွာသည် အိမ်ထောင်စုအားဖြင့် (၇၆)အိမ်ရှိပြီး အဆင်ပြေသောအိမ်ထောင်စု (၉.၂၁%) မှာ ဝင်ငွေကောင်းသော စိုက်ပျိုးရေးလုပ်ငန်းနှင့်ဥယျာဉ်လုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ အလယ်အလတ် အိမ်ထောင်စု (၇.၈%) မှာဝင်ငွေအသင့်အတင့်ရသော ဥယျာဉ်ခြံ(ဝါး)လုပ်ငန်းများကလုပ်ကိုင် အသက်မွေးကြပါ သည်။ မပြေလည်သော အိမ်ထောင်စု (၂၈.၉၄%)မှာ တစ်ပိုင်တနိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စု(၅၃.၉၄%) မှာ လယ်ယာမဲ့ များဖြစ်ကြပြီး ကောက်စိုက်၊ ပျိုးနုတ်စသည့် ရာသီအလိုက် ကြုံရာကျပန်းလုပ်ငန်းများဖြင့် လုပ်ကိုင်ကြပါသည်။

## (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၄၅ | ၅၉.၂၁ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၁၂ | ၁၅.၈ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၇ | ၉.၂၁ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား ( ၅ဟတ်တာထိ) | ၆ | ၇.၈၉ | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၆ | ၇.၈၉ | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု** | **၇၆** | **၁၀၀** | |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| | စုစုပေါင်း | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ စမ်းချောင်းကျေးရွာသည် မြေယာမဲ့အိမ်ထောင်စုမှာ တစ်ဝက်ခန့်ရှိပြီး အများစုမှာ နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေကြပါသည်။**

## (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| စပါး | ၁၀၉ | တင်း | ၂၅ | ၅၀ | ၃၅ | စိုက်ပျိုးရေ ရရှိမှု နည်းပြီး၊ မျိုးကောင်းမျိုးသန့်များ လည်း မရှိပါ။ |
| | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။စမ်းချောင်းကျေးရွာသည် စပါးကိုသာ အဓိကထား စိုက်ပျိုးသော ကျေးရွာဖြစ်ပါသည်။ မိုးစပါး တစ်မျိုးသာ စိုက်ပျိုးလို့ရပါသည်။ စပါး အထွက်နှုန်းမှာ နှစ်စဉ်ပုံမှန် မရှိ ရာသီဥတုပေါ် မူတည်ပြီး ထွက်ရှိပါသည်။ ပျှမ်းမျှထွက်နှုန်းမှာ ၁ဧကလျှင် (၃၅)တင်းခန့်သာ ထွက်ရှိပါသည်။ စပါးအထွက်နှုန်းနည်းခြင်းအားဖြင့်မှာ စိုက်ပျိုးရေး၊ နည်းပညာလိုအပ်ခြင်းနှင့် မျိုးကောင်းမျိုးသန့် များရရှိလျှင် ပိုပြီးထွက်နှုန်းကောင်းမွန်လာမည်ဖြစ်ပါသည်။**

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၆ | ၁၆ |
| နို့စားနွား | | |
| ကျွဲ | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၃၂ | ၇၄ |
| ကြက် | ၄၈ | ၅၅၆ |
| ဘဲ | ၁၁ | ၅၇ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ စမ်းချောင်းကျေးရွာသည် တဖက်တလှမ်းမှ မိသားစုစားဝတ်နေရေး အထောက်အကူပြုစေရန် ဝင်ငွေရသော တပိုင်တနိုင်မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။**

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |

| | | | | | |
|---|---|---|---|---|---|
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ) | ၃ | | ၃ | နိမ့် |
| ၇ | လက်လီ-လက်ကား ရောင်း ဝယ်ရေး | ၂၁ | | ၂၁ | နိမ့် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၉ | | ၈ | နိမ့် |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန် ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၁ | | ၄ | နိမ့် |
| ၁၃ | ကျန်းမာရေး | ၂ | | ၂ | နိမ့် |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ( အထက်ဖော်ပြပါလုပ်ငန်းများမှအ ပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ စမ်ချောင်းကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သူ ဦးရေများပြားပြီး စက်ချုပ်ဆိုင်၊ အရောင်းအဝယ်(ကုန်စုံ)၊ ဆံပင်ညှပ်ဆိုင် လုပ်ကိုင်သည့် အိမ်ထောင် စုများလည်းရှိပါသည်။ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီမောင်း၍ ခရီးသယ်များ ပို့ဆောင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် ပညာရေး ဝန်ထမ်း (၄) ဦးနှင့် ကျန်းမာရေးဝန်ထမ်း (၂) ဦးရှိပါသည်။ စိုက်ပျိုးရေး လုပ်ငန်းနှင့် တစ်ပိုင် တစ်နိုင်ဈေးဆိုင်များ လုပ်ကိုင်ကြသဖြင့် အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးသော ကြောင့် တခြား ပြင်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် ဦးရေများရခြင်း ဖြစ်သည်။ စီးပွားဖြစ် မွေးမြူ ရေးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုများ မရှိသော်လည်း တစ်ပိုင်တစ်နိုင် အိမ်စား ရုံမျှသာ**

**မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသည်။ ကျေးရွာအတွင်းတွင် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူများပြားသောကြောင့် အခြားအသက်မွေးလုပ်ငန်းလုပ်ကိုင်သူမှာ အနည်း ငယ်သာရှိပါသည်။ ကုန်စုံဆိုင်၊ စျေးဆိုင်သူ ရောင်းချသူ အနည်းအကျဉ်းရှိပါသည်။ ဝန်ထမ်းအနည်းငယ်ရှိ ပြီး နေ့စားအလုပ်သမား(ကျပန်း) (၉၇)ဦးရှိပါသည်။**

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) စျေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ စျေးကွက်လက်လှမ်းမီမှု အခြေအနေ

| **စျေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးစျေး** (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | **အကြီးစားစျေးကွက်** (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| စျေးအမည် (မြို့/ရွာ) | လပွတ္တာမြို့ | လပွတ္တာမြို့ |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ဝ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ■ ၅ မှ ၁၀ မိုင် ☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ဝ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ■ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင် အထက် ☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ■ | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ■ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။စမ်းချောင်းကျေးရွာမှ အနီးဆုံးစျေးမှာ (၁)မိုင်မှ (၅)မိုင်ဝေးသော မြင်းကာကွင်းကျေးရွာသို့ ကူးတို့စက်တပ်လှေဖြင့် သွားရောက်ဝယ်ယူရောင်းချရပါသည်။ အကြီးဆုံးစျေးမှာ (၁၀)မိုင်မှ (၂၀)မိုင်ဝေးကွာသော လပွတ္တာမြို့သို့ သွားရောက်ဝယ်ယူရောင်းချရပါသည်။**

## (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ26

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁■ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ■ | ပွင့်လင်း ရာသီ ■ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ■ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁■ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ■ | ပွင့်လင်း ရာသီ ■ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ■ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁■ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ■ | ပွင့်လင်း ရာသီ ■ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ☐ ၁–၅ မိုင် ■ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅

**လေ့လာတွေ့ရှိချက်။ ။စမ်းချောင်းကျေးရွာ၏ ရွာတွင်းလမ်း၊ ချဉ်းကပ်လမ်း၊ ရွာခြင်းဆက်လမ်း များမှာ မြေသားလမ်းများဖြစ်၍ အရည်အသွေးအားဖြင့် ညံ့လှပါသည်။ တစ်နှစ်ပတ်လုံး သွားလာရသည်မှာ အခက်အခဲရှိပါသည်။ ထို့ကြောင့် ရာသီမရွေးသွားလာနိုင်ရန်အတွက် ကွန်ကရစ်လမ်း(သို့) ကျောက်ချောလမ်းခင်းပေးမည် ဆိုပါက ကျေးရွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။**

## (၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ■ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ■ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ | ပွင့်လင်းရာသီ ☐တစ်နှစ်ပတ်လုံး ☐ |

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| | ၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ■ | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။စမ်းချောင်းကျေးရွာသည် ရေကြောင်းအသုံးပြုမှုမှာ မြောင်းမြမြို့နှင့်အနီးဆုံးဖြစ်၍ မြောင်းမြမြို့သို့ ရေဆိုင်ကျေးရွာမှ လိုင်းသင်္ဘောများပုံမှန် ပြေးဆွဲနေ သောကြောင့် စမ်းကျေးရွာမှ ခရီးသယ်များသည် ၎င်းကျေးရွာအား သွားရောက်စီးရပါသည်။ ရေဆိုင်ကျေးရွာမှာ သင်္ဘော စိုက်ကပ်ပြီး ဆိပ်ကမ်း ကပ်တံတား မရှိသေး၍ သင်္ဘောများစိုက်ကပ်ရန်နှင့် ခရီးသည်များ အတက်၊ အ ဆင်းအတွက် အခက်အခဲရှိပါ သည်။**

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ28

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဘာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | ၂ | ၁ | ၇ | ၂၅ | | ၂ | ၁ | | |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။ ။ စမ်းချောင်းကျေးရွာတွင် ကုန်းလမ်းကို အသုံးပြုများသောကြောင့် ဆိုင်ကယ်၊ စက်ဘီး၊ ထော်လာဂျီနှင့် ကားများသယ်ယူပို့ဆောင်ကြပြီး လှေ(၁)စီး နှင့်စက်တပ် လှေ(၂)စီးသာ ရှိပါသည်။**

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ29

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | |
| ဆိုလာစနစ် | ၂၅ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | ၆ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | **၄၆** |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ ဆိုလာနှင့် ဒီဇယ်အင်ဂျင်သုံးစွဲနိုင်သည့် အိမ်ထောင်စုနည်းပါသည်။ ဖရောင်ထောင်နှင့် Battery မီးကို အသုံးပြုသည့် အိမ်ထောင်များကြပါသည်။**

## (၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၉၈ | ၁၄ | ၃၂ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။ ။စမ်းချောင်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များ ဖုန်း၊ ရေဒီယို၊ တီဗွီ၊ ဂြိုလ်တုစလောင်း စသည့်တို့မှ ရရှိသည့်အပြင် အမ်ပီတီနှင့် တယ်လီနောဖုန်း တာဝါတိုင်များလည်း ကျေးရွာအနီးတွင် ရှိသဖြင့် ဆက်သွယ်ရေးမှာ ကောင်းမွန်လှပါသည်။**

## (၆) ပညာရေး

### (၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၂၄ | ၂၄ | ၄၈ |
| အလယ်တန်း | ၁၂ | ၉ | ၂၁ |
| အထက်တန်း | ၆ | ၈ | ၁၄ |
| တက္ကသိုလ်/ကောလိပ် | ၂ | ၃ | ၃ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ ကျောင်းသားအင်အားနှင့် ဆရာ/ဆရာမ ဝန်ထမ်းမှာ လောက်လုံမှုရှိပါသည်။ သို့သော် ကျောင်းရှိ စာရေးခုံနှင့် ထိုင်ခုံများမှာ လုံလောက်မှုမရှိပါ။ အဆိုပါ ခုံများနှင့် ကျောင်းသုံးပရိဘောဂများ လုံလောက်စွာ ဖြည့်သွင်းပေးမည်ဆိုပါလျှင် ကျောင်း သားများ အတွက် နေရေးထိုင်ရေးအတွက် သက်တောက်သက်သာ ပညာသင်ကြားနိုင်ပါမည်။**

## (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ■<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ဝ မှ ၁ မိုင် ■<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ■<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၆၀×၃၀=၁၈၀၀ | | | | | | | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐ သင့်■ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ■ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☐<br>ညံ့ ■ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| **ဇ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်■<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဈ။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၁ | ၆ | ၇ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက် ။ ။စမ်းချောင်းကျေးရွာတွင် မူလတန်းအဆင့်သာရှိပြီးကျောင်းဆောင် (၁) ဆောင်သာ ရှိသောကြောင့် မူကြိုကလေးများအတွက် မူကြိုကျောင်းဆောင်သစ် ဆောက် လုပ်ပေ မည်ဆိုပါက ကလေးများအတွက် ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ပါသည်။ အလယ်တန်း ပညာရေးကို ရေဆိုင်ကျေးရွာတွင်သွားတက်ရပြီး၊ အထက်တန်းပညာရေးကို ကျေးရွာ နှင့်(၇)မိုင် ကွာဝေးသော တောင်ပေါ်စုကျေးရွာသို့လည်းကောင်း၊ (၂၇)မိုင်ဝေးသော မြောင်းမြမြို့သို့ လည်း**

**ကောင်းသွား ရောက်ပညာသင်ကြားရပါသည်။ တက္ကသိုလ်/ကောလိပ်ပညာရေးအား ပုသိမ်မြို့သို့ သွားရောက် တက်ရပါသည်။**

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့် ■ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့် ■ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့် ☐ | မရှိ■ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့် ■ | မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့် ☐ | မရှိ■ |
| ၆ | တီဘီ | မြင့်☐ | နိမ့် ■ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့် ■ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ | နိမ့် ■ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့် ☐ | မရှိ■ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့် ☐ | မရှိ■ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့် ■ | မရှိ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။ကျန်းမာရေးစောင့်ရှောက်မှု အသင့်အတင့်ရရှိသော်လည်း (၁)မိုင်ခန့်ဝေး ကွာသော ဂန့်ဂေါ်ကုန်းကျေးရွာ ဆေးပေးခန်းသို့ သွားရောက်ကုသရပါသည်။ ကျေးရွာရှိ ကျန်းမာရေးအဖွဲ့ စေတနာ့ဝန်ထမ်းများရှိသဖြင့် ကျေးရွာ သားများအနေဖြင့်ကျန်းမာရေး အသိပညာ ဗဟုသုတများ အနည်းငယ်ရှိကြပါသည်။**

### (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | Â | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | Â | |
| ၃ | ပိုလီယိုရောဂါ | Â | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | Â | |
| ၅ | ဝက်သက်ရောဂါ | Â | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | Â | |

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | Â | |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | Â | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။စမ်းချောင်းကျေးရွာသည် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ တီဘီရောဂါ၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါတို့မှာ အနည်းငယ်သာ ဖြစ်ပေါ်လျှက်ရှိပါသည်။ ကျေးရွာတွင် သာမန်ဖျားနာခြင်း၊ နာစေးခြင်းစသည့် ဖျားနာမှုများမှာ အဖြစ်များလေ့ရှိသောကြောင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်ရာမရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာအတွင်းရှိ ၂လမှ ၁၈လအထိ ကလေးများအား ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမသည် လစဉ်ကာကွယ်ဆေးလာရောက်ထိုးနှံပေးခြင်း ကိုယ်ဝန်ဆောင် မိခင်များအား မေးခိုင်ကာကွယ်ဆေးနှင့် ညွှန့်ကြားချက်အတိုင်း အချိန် မှန်ထိုးနှံပေး ပါသည်။**

**(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ■<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ■ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ■<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ■ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ■<br>၁၀ မိုင်အထက် ☐ | ရှိ ■<br>မရှိ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။စမ်းချောင်းကျေးရွာသည် ကာလပေါ်၊ ရာသီပေါ် ရောဂါများ ကျေးလက်**

**ကျန်းမာရေးဌာန(ခွဲ)ရှိရာ ဂန့်ဂေါ်ကုန်းကျေးရွာသို့ (၁)မိုင်အကွာတွင် သွားရောက်ကုသရပါသည်။ အရေးပေါ်အခြေအနေတွင် ပြည်သူ့ဆေးရုံဖြစ်ပသော လပွတ္တာ(၃)မိုင်မြို့သို့ လည်းကောင်း၊ မြောင်းမြမြို့သို့လည်းကောင်း သွားရောက်ကုသရပါသည်။**

**(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(၇.၄. ၁) သောက်သုံးရေ ရရှိမှု**

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု(မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၆၅ | ကောင်း☐ သင့် ■ ညံ့☐ | မိုး၊ ဆောင်း |
| အဝီစိတွင်း/ စက်တပ် | ၆ | ကောင်း☐ သင့် ■ ညံ့☐ | နွေ၊ မိုး၊ ဆောင်း |
| အဝီစိတွင်း/ တုံကင် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မြစ်/ချောင်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | ၁ | ကောင်း☐ သင့်☐ ညံ့■ | မိုး၊ ဆောင်း |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။ ။စမ်းချောင်းကျေးရွာတွင် လက်တူးရေတွင်း(၂)တွင်းသာ ရှိပြီး ၎င်းရေတွင်းကိုသာ အဓိကထားသုံးနေကြပြီး နွေရာသီတွင်အဆိုပါရေတွင်းမှ ရေထွက်နည်းပြီး သုံးစွဲသူဦးရေများသောကြောင့် ရေလုံလောက်မှုမရှိပါ။ အသုံးပြုနေသော အဆိုပါရေတွင်းသည် ကျေးရွာနှင့် အနည်းငယ်အလှမ်းဝေးနေပါသည်။ ကျေးရွာတွင် စိမ့်စမ်းရေအသုံးပြုသော အိမ်ထောင် စု(၁)စုသာ ရှိပါသည်။မြေသားမိုးရေလှောင်ကန် တူးဖော်ပေးနိုင်မည်ဆိုပါက ကျေးရွာအတွက် ရာသီမရွေး သောက်သုံးရေ လုံလောက်စွာအသုံးပြုနိုင်ပါမည်။**

### (၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | ၇ |
| ရေလောင်း/ယင်လုံအိမ်သာ | ၆၅ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | ၄ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။စမ်းချောင်းကျေးရွာသည် အိမ်ထောင်စု(၇၆)ရှိပြီး သန့်ရှင်းသောအိမ်သာ သုံးအိမ်ထောင်စု စုစုပေါင်း(၇၂)လုံးရှိပါသည်။ အိမ်သာမရှိသော အိမ်ထောင်စုများမှာ မိမိတို့နှင့်နီး စပ်ရာ အခြားအိမ်ထောင်စုပိုင် ယင်လုံအိမ်သာများကိုလည်း အသုံးပြုကြပါသည်။**

### (၈) ဘေးအန္တရယ်များ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | အမျိုးသမီးဦးဆောင်သောဆင်းရဲသောအိမ်ထောင်စု |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | စိုက်ပျိုးရေ မရရှိနိုင်ခြင်း |
| ၃ | ရေကြီးခြင်း | |
| ၄ | မိုးခေါင်ခြင်း | |
| ၅ | အအေးလွန်ကဲခြင်း | |
| ၆ | မုန်တိုင်း | |
| ၇ | လျှော် | |
| ၈ | မီးဘေး | နွေရာသီတောမီးလောင်နိုင်ခြင်း |
| ၉ | ဆားငန်ရေဝင်မြေ | နွေစပါး စိုက်ပျိုး၍ မရရှိနိုင်ခြင်း |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | ရာသီဥတုပူပြင်းခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | |
| ၁၃ | တီဘီရောဂါ | |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မွေးမြူရေးတွင် အောင်မြင်မှုနည်းပါးခြင်း |
| ၁၇ | လူကုန်ကူးခြင်း | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စုများသည် ဝမ်းစာ မဖူလုံမှု အနည်းငယ်ရှိပါသည်။ စိုက်ပျိုးရေ မရရှိခြင်းကြောင့် မိုးစပါးတစ်မျိုးကိုသာ စိုက်ပျိုးလို့ ရပါသည်။ နွေရာသီတွင် ရာသီဥတုပူပြင်း၍ တောမီးများလောင်ခြင်းကြောင့် သစ်တောများပြုန်းတီးရပါသည်။**

**(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ**

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | လတ် | ဆားငန်ရေ ဝင်ရောက်ခြင်း |
| အပင်မျိုးစိတ်များ | | |
| ရေအရင်းအမြစ် | နိမ့် | ရေထွက်နှုန်းနည်းခြင်း |
| ငါးမျိုးကွဲများ | | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သော်လည်း ဆားငန်ရေ ဝင်ရောက်မှုကြောင့် မိုးစပါးတစ်သီးစားသာ စိုက်ပျိုးနိုင်ပါသည်။ မိုးရေကိုသာ အဓိကအားထားပြီး စိုက်ပျိုးရပါသည်။**

**(၁၀ ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| စဉ် | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☐ | မရှိ ■ |

| စဉ် | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်မှု | ရှိ ■ | မရှိ □ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျား/မ လုပ်အားခနှုန်းများမှာ ညီမျှမှုမရှိပါ အလုပ်တွင်အားစိုက်မှုနှုန်းပို၍ အားစိုက်ရ၍ ယောကျ်ားလေးများမှာ လုပ်အားခပိုမိုရရှိပါသည်။ ပုတ်ပြတ်လုပ်အားများတွင် တန်းတူအခွင့်အရေးရှိပါသည်။ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများသည် အတွေ့ အကြုံနည်းပါ၍ ပါဝင်မှုနည်းပါပြီး အမျိုးသားများစုကသာ ဦးဆောင်ဦးရွက် အုပ်ချုပ်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာ ပူးပေါင်းပါဝင်ကြပါသည်။ Save The Chirdren အဖွဲ့၊ ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့များတွင်လည်း အမျိုးသမီးများသည်ပါဝင်ကြပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေး သုံးစွဲမှု နှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာ ရှိပါသည်။ ခိုးဆိုးလုယက် မှုများ မရှိပါ။**